
# Waterpulse နှာခေါင်းဆေးဗူး အသုံးပြုပုံ



Waterpulse နှာခေါင်းဆေးဗူး ပါကင်ထဲတွင် နှာခေါင်းဆေးဗူး နှင့်အတူ ခေါင်း (အသေး နှင့် အကြီး) နှစ်ခု ပါဝင်ပါသည်။

(၁) နှာခေါင်းဆေးရာတွင် အသုံးပြုမည့်ဆေးရည်ကို ဗူးထဲတွင် ဆရာဝန်ညွှန်ကြားသည့် ပမာဏအထိ ထည့်ပါ။

(၂) အဖုံးကို လုံအောင် ပိတ်ပါ။

(၃) မိမိ နှာခေါင်းပေါက် အရွယ် နှင့် သင့်လျော်သော ဆေးဗူးခေါင်း ကို တပ်ဆင်ပါ။

(၄) ခန္ဓာကိုယ်ကို ရှေ့သို့ အနည်းငယ် ကိုင်း၍ ခေါင်းငုံ့ပြီး ပါးစပ်ဟထားပါ။

(၅) နှာခေါင်းဆေးဗူးကို ပုံတွင်ပြထားသည့်အတိုင်း ဆေးဗူးအောက်ခြေကို အပေါ်တွင် ထား၍ ကိုင်ပြီး ဆေးဗူးခေါင်းကို နှာခေါင်းဝတွင် တေ့ထားပါ။

(၆) ဆေးဗူးအောက်ခြေရှိ ခလုတ်ကိုဖိထားလျှင် ဆေးရည်များ ထွက်လာပြီး နှာခေါင်းနှင့် နှာခေါင်းလေအိတ်များကို ဆေးကြောကာ နှာခေါင်း အခြားတစ်ဖက်နှင့် ပါးစပ်မှ ပြန်ထွက်လာပါလိမ့်မည်။ ဖိထားသော ခလုတ်ကို လွှတ်လိုက်လျှင် ဆေးရည်များ ကျဆင်းခြင်း ရပ်သွားပါလိမ့်မည်။

(၇) နှာခေါင်း အခြားတစ်ဖက်ကို ဆေးကြောလိုလျှင် အထက်ပါနည်းအတိုင်း ထပ်မံ ဆေးကြောနိုင်ပါသည်။

(၈) နှာခေါင်းဆေးရည်ဗူး အသုံးပြုပြီးလျှင် သေချာဆေးကြောပြီး အရိပ်ထဲတွင် အခြောက်ခံကာ နောက်ထပ် နှာခေါင်းဆေးရာတွင် ထပ်မံ အသုံးပြုနိုင်ပါသည်။

⚠ နှာခေါင်းဆေးဘူးကို စတင်အသုံးပြုချိန်မှ ၃ လကျော်လျှင် ဆက်လက် မသုံးသင့်ပါ။ ဆေးရည်ဗူး အသစ်လဲပြီး အသုံးပြုသင့်ပါသည်။